# မူကြိုနှင့် ကျောင်းများရှိ ကလေးများ၏ အုပ်ထိန်းသူများ အတွက် အရေးကြီးသော အချက်အလက်

**ဘာဖြစ်သွားခဲ့တာလဲ?**

ရဲတပ်ဖွဲ့က မြို့နယ်ဆိုင်ရာ ကျောင်းဌာန၏မူကြိုကျောင်းများတွင်ယခင်က အလုပ်လုပ်ခဲ့သူ တစ်ဦးအတွက်ရ
စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ဤစုံစမ်းစစ်ဆေးမှုတွင် အဆိုပါ ပုဂ္ဂိုလ်သည် ကလေးများအပေါ်ရ
လိင်ပိုင်းဆိုင်ရာ စော်ကားမှုများစွာ ကျူးလွန်ခဲ့ကြောင်း အထောက်အထားများရရှိ သည်။ရ
အဆိုပါလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည်မူကြိုကျောင်းများတွင်ဖြစ်ပွါးခဲ့ပြီးဇဦးသောအကြမ်းဖက်ခံရရ
သူများကိုလည်းအတည်ပြုနိုင်ခဲ့ပါသည်။
အဆိုပါပြစ်မှုကျူးလွန်သူသည်ကွယ်လွန်သွားခဲ့ပြီးဖြစ်သောကြောင့်နိုင်ငံတော်မှစုံစမ်းစစ်ဆေးမှုကိုရပ်စဲပြီးဤရ
အမှုကိုလည်းစွဲချက်တင်သွားမည်မဟုတ်ပါ။ဤအခြေအနေကို အကောင်းဆုံး
ကိုင်တွယ်ဖြေရှင်းနိုင်စေရန်အတွက် မြို့နယ်ရုံးမှ အခြေအနေများကိုတည်ငြိမ်အောင်လုပ်ဆောင်ခဲ့ပြီးရ
ထိခိုက်ခံစားရသူများအတွက် အထူးပံ့ပိုးကူညီရေးအဖွဲ့ကို ခန့်အပ်ထားသည်။

**ယခုအချိန်တွင် ကျွန်ုပ်တို့၏ အရေးကြီးဆုံးတာဝန်မှာ ကလေးများ အုပ်ထိန်းသူများ နှင့် ဝန်ထမ်းများအတွက် အကူအညီ နှင့် ပံ့ပိုးမှု များပေးရန်ဖြစ်သည်။**

ကျွန်ုပ်တို့မြို့နယ်နေတွင်နေထိုင်သူပြည်သူများသည် ယခုအချိန်တွင် မေးခွန်းများ၊ စိုးရိမ်ပူပန်မှုများနှင့်ရ
အတွေးများစွာရှိနေကြောင်း ကျွန်ုပ်တို့နားလည်ပါသည်။ နည်းလမ်းများစွာဖြင့် ကျွန်ုပ်တို့ထံရ
သင်ဆက်သွယ်နိုင်ပါသည် - ကျွန်ုပ်တို့ထံတွင် အကူအညီနှင့် ပံ့ပိုးမှုများရနိုင်အတွက်
သင်ကိုယ်တိုင်လာရောက်တွေ့ဆုံနိုင်သည့် နေရာတစ်ခုရှိပါသည်၊ ကျွန်ုပ်တို့တွင် သင်ခေါ်ဆိုနိုင်သည့်ရ
သီးသန့်ဖုန်းနံပါတ်တစ်ခုလည်းရှိပါသည်၊ ကျွန်ုပ်တို့၏ဝဘ်ဆိုဒ်ကို
လည်းနောက်ဆုံးရအချက်အလက်များနှင့်တစ်နေ့တစ်ကြိမ် အပ်ဒိတ်လုပ်ပါသည်။
ကျွန်ုပ်တို့သည်ဒီအပတ်တွင်သတင်းစာရှင်းလင်းပွဲကိုတရက်မှာတကြိမ်ပြုလုပ်သွားပါမည်။

တစ်ချိန်တည်းမှာပင်၊တဖက်မှာလည်းငင်းကိစရမည်သို့ဖြစ်ပေါ်လာရခြင်းအကြောင်းနှင့်ထပ်မံမဖြစ်ပွါးစေရန်စုံစရ
မ်း စစ်ဆေးမှုလုပ်ငန်းစရ်များကိုစတင်လုပ်ဆောင်နေပြီဖြစ်သည်။
ဒီလိုခက်ခဲတဲ့အခြေအနေမျိုးမှာ အကောင်းဆုံးဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံနဲ့
တတ်နိုင်သမျှကိုကျွန်ုပ်တို့လုပ်ဆောင်ပြီးသင့်အတွက်ရှိပေးသွားမှာပါ။တစ်စုံတစ်ဦးနှင့်
စကားပြောဆိုလိုသူများအတွက်လည်းပံ့ပိုးကူညီမှုအဖွဲ့ကိုသင့်အတွက်စီစဉ်ပေးထားပါသည်။ သင်သည်ရ
ပံ့ပိုးကူညီမှုများကိုယနေ့၊ နောက်ပိုင်း၊ မနက်ဖြန် သို့မဟုတ်
ရှေ့လျှောက်မှာလည်းရရှိသွားမှာဖြစ်ပါတယ်။ပံ့ပိုးကူညီမှုအားလုံးအတွက်
ဆက်သွယ်ရန်အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

အုပ်ထိန်းသူအနေဖြင့် သင့်ကလေးများကို အကောင်းဆုံးပံ့ပိုးနိုင်ပုံကို သိရန်နှင့် ဖြစ်ပျက်ခဲ့သော
အဖြစ်အပျက်များကို သင့်ကလေးများအား ပြောပြရန်လည်း အရေးကြီးပါသည်။ အတိုချုပ်ပြောရလျှင်ရ
အကြံပေးချက်မှာ သင့်ကလေးများကို မေးမြန်းစစ်ဆေးခြင်း သို့မဟုတ်
ဖိအားပေးခြင်းများမပြုလုပ်ဘဲအေးအေးဆေးဆေးနေရန်ဖြစ်ပြီး
ငင်းတို့ကိုယ်တိုင်ဆန္ဒရှိအတိုင်းပြောပြလာပါစေ။ ဤအချက်အလက်ထဲတွင် သင့်ကလေးနှင့်
စကားပြောနည်းဆိုင်ရာ နောက်ထပ်အချက်အလက်များ ပါရှိသည်။

**ကလေးများအတွက်ပံ့ပိုးကူညီမှု:**

ကလေးတစ်ဦးသည်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခံရခြင်းဖြစ်နိုင်သည်ဟူသော လက္ခဏာများတွင်ရ
လိင်ပိုင်းဆိုင်ရာအမူအကျင့်ပြောင်းလဲမှုများ၊ ကြောက်ရွံ့မှုသို့မဟုတ်စိုးရိမ်စိတ်များ၊ အိပ်မက်ဆိုးများနှင့်ရ
တစ်ခါတစ်ရံဖွံ့ဖြိုးမှုဆိုင်ရာ ဆုတ်ယုတ်မှုတို့ပါဝင်သည်။ရရ
ပ်ပိုင်းဆိုင်ရာလက္ခဏာများမှာ၊အညိုအမဲစွဲခြင်းများသည်တခါတရံအကြမ်းဖက်မှုပြုလုပ်ခံရချိန်နှင့်နီးကရ
ပ်စွာပေါ်လာတတ်ပါသည်။

အုပ်ထိန်းသူများအနေဖြင့်လည်းကလေး၏နေ့ စဉ် တနေ့ တာအကြောင်းအရာများကိုပွင့်လင်းစွာလက်ခံနားရ
ထောင်ပေးရန်အရေးကြီးသော်လည်းအတင်းအကြပ်စစ်ဆေးမေးမြန်းခြင်းကဲ့သို့သောမေးခွန်းများမမေးရရ
န်အရေးကြီးပါသည်။အကယ်၍သံသယရှိ ပါမိသားစုပံ့ပိုးကူညီမှုအဖွဲ့ရှိ သူများထံမှကျွမ်းကျင်သောအကူအရ
ညီများရနိုင်ပါသည်။

ကလေးသည်အကြမ်းဖက်ပြုလုပ်ခံရမှုတစ်ခုအကြောင်း စတင်ပြောလာပါက၊
အုပ်ထိန်းသူအနေနှင့်ကလေးအားဂရုတစိုက်နားထောင်ပေးပြီးမေးခွန်းထုပ်စစ်ဆေးမေးမြန်းခြင်းသို့မဟုတရ
စိတ်ဖိစီးမှုများမပေးရပါ။
အုပ်ထိန်းသူသည်ကလေးအား မစိုးရိမ်စေရန်အတွက်ဒေါသ သို့မဟုတ်ဝမ်းနည်းမှုကဲ့သို့သော
ပြင်းထန်သောခံစားချက်များကိုမပြရန်လည်း အရေးကြီးပါသည်။

မိဘအုပ်ထိန်းသူအနေနှင့်ကလေးအဆင်သင့်ဖြစ်ချိန်တွင်
အကြမ်းဖက်မှုအကြောင်းကိုပွင့်ပွင့်လင်းလင်းပြောနိုင်ရန်ကူညီနိုင်ပါသည်။
လုပ်ရိုးလုပ်စဉ်များနှင့်လုံခြုံသောနေ့ စဉ်ဘဝနေထိုင်မှုသည်
ကလေး၏ပြန်လည်ကောင်းမွန်မှုအတွက်လည်း အရေးကြီးပါသည်။ အကယ်၍ကလေးသည်စိုးရိမ်ပူပန်မှု၊ရ
ဖွံ့ဖြိုးမှုဆိုင်ရာ ပြောင်းလဲမှုများ သို့မဟုတ်လိင်ပိုင်းဆိုင်ရာ အပြုအမူလက္ခဏာများ ပြသပါက
အုပ်ထိန်းသူသည်ကျွမ်းကျင်သော အကူအညီကိုရယူသင့်သည်။